

## QPASTT က မည်သူတို့အတွက်ဖြစ်သနည်း။

QPASTT သည် အောက်ပါတို့ကဲ့သို့သော လူများအား ကူညီပေးပါသည်။

- စစ်ပွဲ၊ ပဋိပက္ခ သို့မဟုတ် နှိပ်စက်ညှဉ်းပန်းခံခဲ့ရမှုများတို့ကြောင့် မိမိတို့၏ မွေးရပ်မြေကို  မတတ်သာဘဲ စွန့်ခွာခဲ့ကြရသူများ၊
- ဩစတြေးလျားတွင် အခြေမချမီ ဒုက္ခသည်စခန်းများ သို့မဟုတ် အခြားနိုင်ငံများတွင် နေထိုင်ခဲ့ကြရသူများ၊
- မိမိသည် နိုင်ငံရေးအဖွဲ့အစည်းတစ်ခုခု၊ လူမျိုးစုတစ်ခုခု၊ ဘာသာအယူဝါဒတစ်ခုခု၏ အဖွဲ့ဝင်တစ်ဦးဖြစ်ခြင်းကြောင့် သို့မဟုတ် မိမိ၏လိင်ကြောင့် သို့မဟုတ် လိင်စိတ်တိမ်းညွှတ်မှုကြောင့် နှိပ်စက်ညှဉ်းပန်းခြင်းခံခဲ့ကြရသူများတို့ဖြစ်သည်။
- QPASTT သည် မကြာသေးမီက ဩစတြေးလျားသို့ ရောက်ရှိလာကြသူများ သို့မဟုတ် ဩစတြေးလျား၌ နှစ်ပေါင်းများစွာ နေထိုင်ခဲ့ကြသူများနှင့် ပူးပေါင်းလုပ်ဆောင်နိုင်သည်။

ကျွန်ုပ်တို့သည် အမြဲတမ်းနေထိုင်ခွင့် ဗီဇာ၊ ယာယီအကာအကွယ်ဆိုင်ရာ ဗီဇာကိုင်ဆောင်ထားကြသူများနှင့် ခိုလှုံခွင့်တောင်းခံနေကြသူများအား ကူညီပံ့ပိုးပေးပါသည်။ ကျွန်ုပ်တို့၏ ဝန်ဆောင်မှုများမှာ အခမဲ့ဖြစ်ကာ၊ မိမိဆန္ဒအလျောက်သာ ရယူရမှာသာဖြစ်ပြီး ၎င်းတို့ကို လျှို့ဝှက်စွာ ဆောင်ရွက်ပေးပါသည်။

ကျွန်ုပ်တို့၏ မြင်တွေ့လိုချက်မှာ ဒုက္ခသည်နောက်ခံရှိကြသူများသည် နှိပ်စက်ညှဉ်းပန်းမှုဒဏ်၊ စိတ်ဒဏ်ရာများနှင့် လူ့အခွင့်အရေး မတရားမှုများတို့မှ လွတ်မြောက်နေထိုင်နိုင်ရေးပင်ဖြစ်ပါသည်။

ကျွန်ုပ်တို့သည် ဒုက္ခသည်နောက်ခံရှိကြသူများအနေနှင့် ကျွန်ုပ်တို့၏ လူမှုအသိုင်းအဝန်းတွင်  ကုစားမှု ရရှိကြရန်၊ ပါဝင်သက်ဆိုင်စိတ်ရှိပြီး ကြီးပွားအောင်မြင်လာကြရန်  ကူညီပံ့ပိုးပေးပါသည်။

## QPASTT အကြောင်း

QPASTT (Queensland Program of Assistance to Survivors of Torture and Trauma) (ညှဉ်းပန်းနှိပ်စက်မှုနှင့် စိတ်ဒဏ်ရာများမှ လွတ်မြောက်လာကြသူများအား ကူညီပေးသည့် ကွင်းစလန် အစီအစဉ်) သည် ဩစတြေးလျားရှိ နှိပ်ကွပ်ခံခဲ့ရခြင်း၊ ညှဉ်းပန်းနှိပ်စက်ခံခဲ့ရခြင်းနှင့် စစ်မက်ဖြစ်ပွားခဲ့မှုတို့ကြောင့် စိတ်ဒဏ်ရာ ဖြစ်ခဲ့ရခြင်းတို့မှ ကင်းဝေးရန် ကြိုးပမ်းခဲ့ကြသူများ၏ ကျန်းမာရေးနှင့် ကောင်းကျိုးသုခကို မြှင့်တင်ပေးရန်အတွက် ၎င်းတို့၏ ယဉ်ကျေးမှုနှင့် လိုက်ဖက်ညီစွာ ဝန်ဆောင်မှုများ ပေးဆောင်နေသည့် နိုင်ငံရေးနှင့် ဘာသာရေး ဩဇာလွှမ်းမိုးမှု ကင်းမဲ့ပြီး အစိုးရအဖွဲ့အစည်းလည်းမဟုတ်၊ အကျိုးအမြတ်အတွက်လည်းမဟုတ်သော အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။

ကျွန်ုပ်တို့သည် လူမျိုး၊ ယဉ်ကျေးမှု၊ လိင်၊ အသက်၊ စွမ်းရည်၊ လိင်စိတ်တိမ်းညွှတ်မှု၊ ဘာသာစကား သို့မဟုတ် ဘာသာရေးယုံကြည်ချက်များမရွေး လူတိုင်းအား ကြိုဆိုပါသည်။ QPASTT သည် LGBTIQ+ (လိင်စိတ်ဆန္ဒမျိုးစုံရှိနေကြသူများ) အပေါ် ဖော်ရွေမှုရှိသော ဝန်ဆောင်မှု အဖွဲ့အစည်းတစ်ခုဖြစ်ပြီး မည်သူမဆို သက်ဆိုင်ပါဝင်မှုနှင့် သာတူညီမျှမှု ရှိစေရန် ဂုဏ်ယူစွာ ကတိကဝတ်ပြုအပ်ပါသည်။

QPASTT သည် လူများက မည်ကဲ့သို့ပင်ဖြစ်စေ၊ မည်သည့်အခါကပင်ဖြစ်စေ ဩစတြေးလျားသို့ ရောက်ရှိလာပုံကို အလေးမထားဘဲ ၎င်းတို့အား ကူညီနိုင်ပါသည်။ ကျွန်ုပ်တို့သည် ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအပါအဝင် အသက်အရွယ်မရွေး လူတိုင်းအား ကူညီပေးနိုင်ပါသည်။

## ကျွန်ုပ်တို့အား ဆက်သွယ်ပါ

**ရုံးချုပ်။ ဘရစ်စ်ဘိန်း မြို့တော်**
BRISBANE MULTICULTURAL CENTRE
28 DIBLEY STREET,
WOOLLOONGABBA QLD 4102
ဖုန်း။  07 3391 6677
အီးမေးလ်။ CONNECT@QPASTT.ORG.AU

**လိုဂန်**
UNIT 19/ 390 KINGSTON ROAD,
SLACKS CREEK QLD 4127
ဖုန်း။ 07 3089 4310
အီးမေးလ်။ CONNECT@QPASTT.ORG.AU

**တူဝွန်းဘား**
TOOWOOMBA MULTICULTURAL CENTRE
15 SNELL STREET,
TOOWOOMBA QLD 4350
ဖုန်း။ 07 3391 6677
အီးမေးလ်။ CONNECT@QPASTT.ORG.AU

**ကဲန်စ်**
212 MCCORMACK STREET,
MANUNDA QLD 4870
ဖုန်း။ 07 3391 6677
အီးမေးလ်။ CONNECT@QPASTT.ORG.AU

**တောင်းစ် ဗစ်လ်**
C/- CENTACARE
410 ROSS RIVER ROAD,
CRANBROOK QLD 4814
ဖုန်း။ 07 3391 6677
အီးမေးလ်။ CONNECT@QPASTT.ORG.AU

**www.qpastt.org.au**

BURMESE - မြန်မာ

# ဝန်ဆောင်မှု ရသူများအတွက် အချက်အလက်များ



QPASTT
Healing • Belonging • Thriving • Justice

QPASTT သည် Forum of Australian Services to Survivors of Torture and Trauma (ညှဉ်းပန်းနှိပ်စက်မှုနှင့် စိတ်ဒဏ်ရာများမှ လွတ်မြောက်လာခဲ့ကြသူများအတွက် ဩစတြေးလျား ဝန်ဆောင်မှုဆိုင်ရာ ညွှန့်ပေါင်းအဖွဲ့အစည်းများ) ၏ ကွင်းစလန် ကိုယ်စားလှယ်ဖြစ်သည်။

www.fasstt.org.au



## QPASTT က မည်သည့် ဝန်ဆောင်မှုများကို ပေးသနည်း။

QPASTT သည် လူကြီးများ၊ မိသားစုများ၊ ကလေးများနှင့် လူငယ်များအတွက် အလုပ်လုပ်ပေးပါသည်။

ကျွန်ုပ်တို့သည် အောက်ပါတို့ပါဝင်သော ဝန်ဆောင်မှုမျိုးစုံကို အခမဲ့ အပြင် လျှို့ဝှက်စွာ လုပ်ဆောင်ပေးပါသည်။

- ဖွဆေးနွေးတိုင်ပင် လမ်းညွှန်ပေးခြင်း*
- အမျိုးသားများ၊ အမျိုးသမီးများနှင့် လူငယ်များအတွက် ကြောင်းကျိုးသုခအုပ်စု အစီအစဉ်များ စီမံပေးခြင်း၊
- လူမှုအသိုင်းအဝိုင်းများနှင့် ပူးပေါင်း၍ ဆောင်ရက်ပေးသော အစီအမံများကို စီမံပေးခြင်း၊
- အသက် ၁၂ နှစ်မှ ၂၄ နှစ်အကြား လူငယ်များအတွက် လူငယ်များဆိုင်ရာအလုပ်နှင့် အားလပ်ရက် အစီအစဉ်များကို စီမံပေးခြင်း၊
- Youth Voice (လူငယ့်အမြင်) ဦးဆောင်အဖွဲ့များကို စီမံပေးခြင်း၊
- HEAL အွတင်းစိတ်ကို အနုပညာဖြင့် ပေါ့်လင်စေသည့် ကုထုံးကို စီမံပေးခြင်းတို့ဖြစ်ပါသည်။

* ဆွေးနွေးတိုင်ပင် လမ်းညွှန်ပေးခြင်းဆိုသည်မှာ အရေးတယူ နားထောင်ပေးရန် လေ့ကျင့်ထားသူတစ်ဦးနှင့် မိမိ၏စိုးရိမ်ပူပန်မှုများကို မျှဝေနိုင်သည့် လုံခြုံစိတ်ချရသော သီးသန့်နေရာတစ်ခုဖြစ်သည်။ သင်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် လက်တွေ့ကျသောပြဿနာများအတွက် သင့်အား ပံ့ပိုးကူညီပေးနိုင်သော အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပေးရန်နှင့် ဩစတြေးလျားတွင် အလုပ်လုပ်ပုံများကို နားလည်ရန်ကိုလည်း ကူညီပေးနိုင်ပါသည်။

## QPASTT မှ ပံ့ပိုးကူညီမှုကို မည်သူများက လိုအပ်နိုင်မည်နည်း။

ညှဉ်းပန်းနှိပ်စက်ခြင်းကသို့မဟုတ် စိတ်ဒဏ်ရာများကို ခံစားဖူးသူ မည်သူမဆို အောက်ပါအချက်အချို့တို့ကို ရိပ်စားမိနိုင်သည်။

- ဝမ်းနည်းနေခြင်း၊ စိတ်လှုပ်ရှားနေခြင်း၊ ကြောင့်ကြောင့်ကြနေခြင်း သို့မဟုတ် ကြောက်ရွံ့နေခြင်း၊
- အတိတ်က စိတ်ဆင်းရဲစရာများနှင့် အွေးတွေးများကို အမှတ်ရနေခြင်း၊
- အစာစားလိုစိတ် မရှိခြင်း သို့မဟုတ် အွလန်အွကျံ စားသောက်နေခြင်း၊
- ဖွတားခေါ်မှုနှင့် အာရုံစူးစိုက်မှုဆိုင်ရာ ပြဿနာများဖြစ်နေခြင်း၊
- အိပ်ရေးပျက်နေခြင်းနှင့် အိပ်မက်ဆိုးများ မက်နေခြင်း၊
- မရှင်းပြနိုင်သော ဝေဒနာနှင့် ကျန်းမာရေး ချို့တဲ့မှုများဖြစ်နေခြင်း၊
- ပေါင်းသင်းဆက်ဆံမှုများွတင် အခက်အခဲဖွတေ့နေရခြင်းတို့ဖြစ်ပါသည်။

ကလေးများတွင် အထက်၌ဖော်ပြပါကဲ့သလို အလားတူပြဿနာများ အချို့ရှိနိုင်သည့်အပြင် အောက်ပါတို့လည်းဖြစ်နေနိုင်ပါသည်။

- ဝလန်ကွဲစာ ဝမ်းနည်းနေခြင်း၊ စိတ်လှုပ်ရှားနေခြင်း သို့မဟုတ် ဒေါသထွက်နေခြင်း၊
- မိမိအား စိတ်တော်အနှောင့်အယှက်ဖြစ်နေစေသော အွေးတွေးအကြံများ အကြောင်း၏ ရုပ်လွှာများကို သရုပ်ဆောင်ပြခြင်း သို့မဟုတ် ပုံဆွဲပြခြင်း၊
- မိဘများ သို့မဟုတ် ကြည့်ရှုစောင့်ရှောက်ပေးသူများနှင့် ကွဲကွာနေသည့်အခါတွင် စိတ်ဖိစီးမှု အလွန်ဖြစ်ရခြင်း၊
- ကျောင်းွတင် သင်ယူမှုနှင့် အပြုအမူဆိုင်ရာ အခက်အခဲများ ကြုံကြိုက်နေခြင်းတို့ဖြစ်ပါသည်။

## QPASTT မှ အကူအညီကို ရယူနိုင်သောနည်း။

သင်သည် ကျွန်ုပ်တို့အား 07 3391 6677 ကို ဖုန်းဆက်နိုင်သည်။

သင်သည် အလုပ်ချိန်အတွင်း QPASTT ရုံးသို့ လာပြီး အတိုင်ပင်ခံတစ်ဦးနှင့် စကားပြောရန် တောင်းဆိုနိုင်သည်။

အခြေချပေးခြင်းဆိုင်ရာ အဖွဲ့အစည်းများ သို့မဟုတ် အခြားဝန်ဆောင်မှုပေးသူများ၊ သင့်မိသားစုဆရာဝန်၊ ရပ်ရွာလူထု ခေါင်းဆောင်များ၊ ကျောင်းများနှင့် TAFE ကျောင်းတို့က သင့်အား ကျွန်ုပ်တို့ထံ ညွှန်းပေးနိုင်ပါသည်။

အကယ်၍ သင်သည် အသက် ၁၈ နှစ်အောက်ဖြစ်လျှင်၊ QPASTT က သင့်မိဘ သို့မဟုတ် သင့်တရားဝင်အုပ်ထိန်းသူထံမှ ခွင့်ပြုချက် လိုအပ်ပါလိမ့်မည်။

အကယ်၍သင်သည် အရွယ်ရောက်ပြီးသူတစ်ဦးဦးအား ညွှန်းပေးလိုလျှင် ထိုသူက ညွှန်းပေးမှုကို သဘောတူရပါမည်။

ညွှန်းပေးမှုပုံစံနှင့် နောက်ထပ်အချက်အလက်များကို QPASTT ဝက်ဘ်ဆိုက်တွင် ရှာဖွေတွေ့နိုင်ပါသည်။

www.qpastt.org.au တွင်ကြည့်ပါ။

## ဝန်ဆောင်မှု တည်နေရာများ။

QPASTT ရုံးချုပ်ကို ဘရစ်စ်ဘိန်းမြို့တော်ရှိ Brisbane Multicultural Center (ဘရစ်စ်ဘိန်း ယဉ်ကျေးမှုပေါင်းစုံဌာန) တွင် အခြေစိုက်ထားပြီး Logan (လိုဂန်) မြို့တွင် ပို၍သေးငယ်သော ရုံးတစ်ခုလည်းရှိသည်။

QPASTT သည် Inala (အီနာလာ)၊ Toowoomba (တူဝွန်းဘား)၊ Gold Coast (ဂိုးလ် ကို့စ်)၊ Cairns (ကဲန်စ်) နှင့် Townsville (တောင်းစ် ဗစ်လ်) တို့တွင်လည်း ဝန်ဆောင်မှုများပေးပါသည်။

ကျွန်ုပ်တို့၏ အဝေးရောက်နှင့် ဒေသဆိုင်ရာ တည်နေရာများအကြောင်း၏ အချက်အလက်များကိုသိရန် ကျေးဇူးပြု၍ (07) 3391 6677 ကို ဖုန်းဆက်ပါ။